JUSTICE FOR MYANMAR

**မြန်မာနိုင်ငံ စီမံအုပ်ချုပ်ရေးကောင်စီမှ စစ်ဖက်အဖွဲ့ဝင်များနှင့် မိသားစုများ၊ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖက်များကို Justice For Myanmar က စာရင်းပြုစု ဖော်ထုတ်လိုက်ပြီး နိုင်ငံတကာမှ ချက်ချင်း စီးပွားရေး ပြစ်ဒဏ်ခတ် ပိတ်ဆို့အရေးယူရန် တောင်းဆို**

*၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်နေ့။* ။ မြန်မာနိုင်ငံ စီမံအုပ်ချုပ်ရေးကောင်စီမှ စစ်ဖက်အဖွဲ့ဝင်များနှင့် မိသားစုများ၊ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် နီးနွယ်ပတ်သက်နေသော စီးပွားဖက်များကို သီးခြားပစ်မှတ်ထားပြီး ပြီးပြည့်စုံသော စီးပွားရေး ပြစ်ဒဏ်ခတ် ပိတ်ဆို့အရေးယူမှုကို အမြန်ဆုံးပြဋ္ဌာန်းပေးပါရန် နိုင်ငံတကာ အသိုင်းအဝန်းကို Justice For Myanmar က တောင်းဆိုလိုက်ပါသည်။

ပြည်သူ့အာဏာကို ဖေဖော်ဝါရီလ ၁ရက်နေ့က မတရားသိမ်းယူခဲ့သော မြန်မာစစ်တပ်၏ မတရားဖမ်းဆီးမှုများ၊ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် အကြမ်းဖက် ခြိမ်းခြောက် ပစ်ခတ်သတ်ဖြတ်ခြင်းများ၊ အင်တာနက် ကန့်သတ်ဖြတ်တောက်ခြင်းများ စသည့် ကျူးလွန်မှုများအပြင် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေတို့ကို ဆက်တိုက်ချိုးဖောက်နေသည့် တိုင်းရင်းသား ဒေသများတွင် ကျူးလွန်နေသော စစ်ရာဇဝတ်များ၊ လူသားမျိုးနွယ်စ တစုလုံးအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ရိုဟင်ဂျာများအပေါ် ကျူးလွန်နေသည့် လူမျိုးတုံး သုတ်သင်ရှင်းလင်းခြင်းတို့ကို အမြန်ဆုံး ရပ်တန့်တားဆီးနိုင်ရန်အတွက် နိုင်ငံတကာမှ စစ်အာဏာရှင်ကို တိကျပြတ်သားစွာ လျင်မြန်စွာ အရေးယူအပြစ်ပေးရန် လိုအပ်ပါသည်။

အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်အုပ်ချုပ်ရေး ဖော်ဆောင်နိုင်ရန် နိုင်ငံတော် အုပ်ချုပ်ရေးကောင်စီ SAC ကို ဖွဲ့စည်းလိုက်သည်။ တရားမဝင်သည့် အုပ်ချုပ်ရေး ယန္တယားဖြစ်သော ထိုကောင်စီတွင် ကောင်စီဝင် ၁၆ဦး ပါဝင်ပြီး၊ ၈ဦးမှာ စစ်တပ်တွင် လက်ရှိ ရာထူးရယူထားသော အရာရှိ ၈ဦး ပါဝင်ပါသည်။

JUSTICE FOR MYANMAR

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော မဲဆန္ဒရှင်စာရင်းမှတဆင့် အဆိုပါ စစ်အရာရှိကြီး ၈ဦးတို့၏ မှတ်ပုံတင်နံပတ်နှင့် မွေးသက္ကရာဇ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး၊ ၎င်းတို့၏ အရင်းအချာ မိသားစုဝင် ၂၂ဦး၊ စီးပွားရေးလုပ်ငန်း ၁၇ခုနှင့် စီးပွားဖက် ၂၃ဦးတို့ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါသည်။ မြန်မာစစ်တပ်၏ ရာဇဝတ်ဂိုဏ်းဆန်ဆန် ဖုံးကွယ်သိုဝှက်မှုများနှင့် အတိုင်းအဆမရှိသော မတရားစီးပွားရေးလောဘတို့ကို ထဲ့သွင်းစဉ်းစားမည်ဆိုပါက ယခုထုတ်ပြန်လိုက်သော စာရင်းသည် ပြီးပြည့်စုံခြင်းမရှိ၊ ယခုထက်မက များပြားနိုင်ဖွယ်ရှိသည်ဟု ယူဆရပါသည်။ စစ်အာဏာရှင် အစိုးရအဖွဲ့ဝင် အားလုံးကိုလည်း စီးပွားရေးပြစ်ဒဏ်ခတ် ပိတ်ဆို့အရေးယူရန် လိုအပ်ပါသည်။

**Justice for Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က မှတ်ချက်ပေးသည်မှာ-**

*''စစ်အုပ်ချုပ်ရေးစနစ်ရဲ့ စနစ်တကျအကျင့်ပျက်ခြစားမှုတွေမှာ အကျိုးအမြတ် အများဆုံးရနေသူတွေကတော့ ဘယ်သူရှိမလဲ၊ ဗိုလ်ချုပ်ကြီးတွေနဲ့ သူတို့မိသားစုတွေပဲပေါ့။ ဖေဖော်ဝါရီ ၁ရက်နေ့က အာဏာသိမ်းတာအပါအဝင် စစ်တပ်က ထင်တိုင်းကြဲနေတဲ့ စက်ဆုပ်စရာ ရာဇဝတ်မှုတွေနဲ့ တရားမဝင်လုပ်ခွင့်ရနေတာဟာ စီးပွားရေးလုပ်ငန်းတွေကနေ ဝင်နေတဲ့ ပိုက်ဆံကြောင့်ပေါ့။ မြန်မာစစ်တပ် ရာဇဝတ်ဂိုဏ်း ခေါင်းဆောင်တွေဟာ ပြည်သူတွေ ခံစားထိုက်တဲ့ အရင်းအမြစ်တွေကို ခိုးဝှက်လုယူ ကိုယ်ကျိုးရှာယုံမကဘဲ၊ အဲဒီဝင်ငွေတွေကို ပြည်သူတွေကို ဖိနှိပ်နှိပ်စက်တဲ့ စစ်ဆင်ရေး အစီအမံတွေမှာပါ ပြန်သုံးနေတာပါ။ ဒါကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ မြန်မာပြည်သူတွေနဲ့အတူ မားမားမတ်မတ်ရပ်ပြီး စစ်အာဏာသိမ်းတာကို လုံးဝလက်မခံနိုင်ဘူးဆိုတာကို အပြောနဲ့တင် မဟုတ်ဘဲ ပြတ်ပြတ်သားသား ခုချက်ချင်း အလုပ်နဲ့ သက်သေပြဖို့ အချိန်တန်ပါပြီ။ ဗိုလ်ချုပ်ကြီးတွေနဲ့အတူ မတရား အာဏာသိမ်းထားတဲ့ အုပ်ချုပ်ရေးယန္တယားတစ်ခုလုံး၊ သူတို့မိသားစုတွေ၊ သူတို့ ကုမ္ပဏီတွေနဲ့ သူတို့နဲ့ ပတ်သက်နေတဲ့ စီးပွားဖက် လုပ်ငန်းရှင်တွေကိုပါ သီးခြားပစ်မှတ်ထားပြီး အမြန်ဆုံး စီးပွားရေးပြစ်ဒဏ်ခတ် ပိတ်ဆို့အရေးယူပေးကြပါရှင့်။''*

JUSTICE FOR MYANMAR

**အယ်ဒီတာများသို့မှတ်ချက်**

Justice For Myanmar မှ စာရင်းပြုစုဖော်ထုတ်လိုက်သော မြန်မာနိုင်ငံ စီမံအုပ်ချုပ်ရေးကောင်စီမှ စစ်ဖက်အဖွဲ့ဝင်များနှင့် မိသားစုများ၊ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖက်များစာရင်းကို ဒီမှာ ကြည့်ပါ။ https://www.justiceformyanmar.org/stories/myanmar-military-sac-members-their-businesses-and-associates-that-require-targeted-sanctions

မြန်မာစစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများ၊ ယင်းတို့၏ ဒါရိုက်တာများနှင့် အရေးပါသည့် ယင်းတို့၏ စီးပွားဖက်များကို Justice For Myanmar က စာရင်းပြုစု ထုတ်ဝေခဲ့ပြီး၊ နိုင်ငံတကာမှ ယင်းတို့ကို ပစ်မှတ်ထားပိတ်ဆို့အရေးယူမှုချက်ချင်းပြုလုပ်ရန် တောင်းဆိုသည်ကို ဒီမှာကြည့်ပါ။ https://www.justiceformyanmar.org/stories/myanmar-military-controlled-businesses-associates-that-require-targeted-sanctions

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။


**ထပ်မံသိရှိလိုပါက -**

**ရတနာမောင်**

အီးမေးလ် - media@justiceformyanmar.org

ဝက်ဆိုဒ် - https://www.justiceformyanmar.org/

ပုံတူဝက်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/